ပြည်သူများ၏ ဆန္ဒနှင့် ကိုက်ညီစွာ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရွေးချယ်တင်မြှောက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှု

(ဇန္နဝါရီလ - ဖေဖော်ဝါရီလ ၂၀၁၆ခုနှစ်)

နိဒါန်း

လွှတ်တော်သက်တမ်းနှင့်တူညီသော လက်ရှိ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ၂၀၁၆ ခုနှစ် ဇန္နဝါရီလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ အသစ်ပြန်လည်ရွေးကောက်မှုများကို ဇန္နဝါရီလ ၃၁ ရက်နေ့အတွင်း အပြီးပြုလုပ်တော့မည်ဟု လက်ရှိအစိုးရမှ ထုတ်ပြန်ညွှန်ကြားထားပြီ ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း ၅ အုပ်ချုပ်ရေး ပါ ပုဒ်မ ၂၈၉ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာကကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦး အား ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ် တော် ဥပဒေအမှတ် ၁ အဖြစ် ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ အဖြစ် ပုဒ်မ ၂၇ နောက်တွင် ပုဒ်မ ၂၇ - က အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေသဘောအရ ယခင်က ပြည်ထဲရေးဝန်ကြီးဌာနမှတိုက်ရိုက်ခန့်အပ်ခဲ့သော ရပ်ရွာအဆင့် အုပ်ချုပ်ရေးမှူးများကို ရွေးကောက်တင်မြှောက်သောစံနစ်ဖြင့် ရွေးချယ်ခန့်အပ်ရန်ဖြစ်သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်မိရပ်ဖ ၅ ဦးကိုရွေးချယ်၍ ကြီးကြပ် ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်။ ဆယ်အိမ်စုမှူးရွေးခြင်း၊ ဆယ်အိမ်စုကိုယ်စားလှယ်များက အုပ်ချုပ်ရေးမှူးတစ်ဦးကို လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ခြင်း - တို့ပြုလုပ်ပြီး ထိုသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို ကြီးကြပ်ရေး အဖွဲ့က မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြရန်၊ မြို့နယ်အုပ်ချုပ်ရေးမှူးကစီစစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏အတည်ပြုချက်ဖြင့် အုပ်ချုပ်ရေးမှူးခန့်အပ်တာဝန်ပေးရန် ဖြစ်သည်။

သို့သော်လည်း ဤပြောင်းလဲဆောင်ရွက်မှုသည် နိုင်ငံသားတို့၏ နိုင်ငံသားနှင့်နိုင်ငံရေးရပိုင်ခွင့်များကို ကာကွယ်မပေးကြောင်း ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကော်မတီ (Action Committee for Democracy Development – ACDD) က ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်ထုတ်ပြန်ခဲ့သော

ရပ်ကွက် သို့မဟုတ် ကျေးရွာအုန်ချုပ်ရေးဥပဒေနှင့် ပါတ်သက်ပြီး
လူထုသဘောထားစစ်တမ်းအစီရင်ခံစာတစ်စောင် ထုတ်ပြန်ပြီး ဝေဖန်ထောက်ပြခဲ့သည်။
ထိုအစီရင်ခံစာ၌
* ရပ်ကျေးဥပဒေကို မကြားဖူးသူ၊ မသိသူပြည်သူများ ၇၀ %ကျော်ရှိကြောင်း၊
* ဆယ်အိမ်မှူးစံနစ်ကို အခြေခံရွေးချယ်မှုသည် မဲပေးခွင့်ရှိသူများအားလုံးကို
ကိုယ်စားပြုရာမရောက်ကြောင်း၊
* မဲပေးခွင့်တစုံတရာရသော်လည်း ရွေးချယ်မှုတွင် ရပ်မိရပ်ဖများက ပိုမိုအဓိကကျနေခြင်း၊
ပြည်ထဲရေးဌာနမှ ခန့်ထားသော ခရိုင်ထွေအုပ်များအတည်ပြုချက်မရလျှင်အတည်မပြုဘဲ
ဖြစ်နေသောကြောင့် ပြည့်သူ့သဘောထားအမှန်ကို ထိန်းချုပ်ကန့်သတ်ထားခြင်း၊
* လက်တွေ့တွင်လည်း ပြည်သူအားအကျိုးပြုရေးထက်
ပြည်ထဲရေး၏ညွှန်ကြားချက်ကိုသာတာဝန်ယူဆောင်ရွက်နေရခြင်း၊
* အုပ်ချုပ်ရေးမှူးကိုယ်တိုင် အာဏာပိုင်များနှင့်ပူးပေါင်း၍
အာဏာနှင့်လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြုနေခြင်း များကို ထောက်ပြ၍၊
ရပ်ကွက် ကျေးရွာနေ ပြည်လူထု၏ နိစ္စဓူဝပြဿနာရပ်များအား ထိတွေ့ဆက်ဆံနေရသော
အုပ်ချုပ်ရေးကဏ္ဍ၏ အခြေခံ အကျဆုံးဖြစ်သည့်၊
အောက်ခြေအဆင့်အစိုးရအဖွဲ့အစည်းဟု ဆိုရမည့် ရပ်ကွက် ၊ ကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူးများကို ရွေးကောက်တင်မြှောက်ရာတွင်
ဒီမိုကရေစီနည်းကျဖြစ်သင့်ကြောင်း အကြံပြုတင်ပြခဲ့ပြီးဖြစ်ပါသည်။
လက်ရှိ ရပ်ကျေးဥပဒေသည် ပြည်သူများ၏ နိုင်ငံသားအခွင့်အရေး၊
နိုင်ငံရေးအခွင့်အရေးများကို အပြည့်အဝ ဖေါ်ဆောင်မပေးနိုင်ပါ။ သို့ပါသော်လည်း
လက်ရှိဥပဒေအောက်ထဲမှာပင်
အာဏာသည်ပြည်သူလူထုထံမှသက်ဆင်းရမည်ဆိုသည်ကို ပြည်သူမှသော်၎င်း၊
ရွေးချယ်ခံမည့်သူများမှသော်၎င်း အဓိက သိရှိလုပ်ဆောင်နိုင်အောင်ကြိုးစားရမည်ဟု
မိမိတို့ ACDD မှခံယူသည်။
သို့ဖြစ်ပါ၍ -
၁။ ပြည်သူအများ လက်ရှိရပ်ကျေးဥပဒေကို သိရှိနားလည်ပြီး ထိရောက်စွာ အသုံးပြုကာ
၂၀၁၆ ခုနစ် ဒုတိယလွှတ်တော်သက်တမ်းအတွင်း တာဝန်ထမ်းဆောင်မည့်
ရပ်ကျေးအုပ်ချုပ်ရေးမှူးများကို ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့်
မှန်ကန်စွာရပ်တည်မည့်
ပြည်သူလူထုလိုလားသောသူများအားရွေးချယ်တင်မြှောက်နိုင်စေရန်
၂။ ယခုလာမည့် ရွေးချယ်တင်မြှောက်မှုတွင် လက်ရှိ ရပ်ကျေးဥပဒေ၏
အားနည်းချက်များကို လက်တွေ့သိမြင်ကာ လာမည့်လွှတ်တော်အသစ်ကာလတွင်
ဥပဒေပြင်ဆင်မှုများကို ပူးပေါင်းအားထုတ်ဆောင်ရွက်နိုင်စေရန်၊
၃။ ပြည်သူများမှ ၎င်းတို့၏ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများကို
ပိုမိုသိရှိလာစေရန်ရည်ရွယ်၍ ပညာပေးလှုပ်ရှားမှုအစီအစဉ်တစ်ခုကို

အောက်ပါအတိုင်းပြုလုပ်မည်ဖြစ်ပါ၍ မိတ်ဆွေ
အရပ်ဖက်လူထုအဖွဲ့အစည်းအသီးသီးမှလည်း မိမိတို့ဒေသအသီးသီးတွင် အလားတူ
လူထုပညာပေးအစီအစဉ်များ လုပ်ရှားဆောင်ရွက်ခြင်းဖြင့်
ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
ရပ်ကျေးအုပ်ချုပ်ရေးမှူးများရွေးချယ်ရေးအဆင့်ဆင့်ပုံစံနှင့် အချိန်ဇယား
ယခုရပ်ကျေးအုပ်ချုပ်ရွေးမှူးများရွေးချယ်ရေးအတွက် အဆင့်ဆင့်ရွေးချယ်သွားမည့်
အချိန်ဇယားမှာ အောက်ပါတိုင်းဖြစ်သည်။
၂၀၁၂ခုနှစ်၊၂၄ရက်ရက်နေ့ထုတ် ဥပဒေပါ ပြည်ထောင်စုဥပဒေအမှတ်(၁)
ရပ်ကွက်(သို့)ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေ(၉)အရ ရွေးချယ်မည်။
(၁)အိမ်ထောင်ဦးစီးတစ်ဦးသာ(၁၀)အိမ်ခေါင်းရွေးချယ်ခွင့်ရှိသလိုမဲပေးခွင့်ရှိသည်။
(၂)(၁၀)အိမ်ခေါင်းများထဲမှရာအိမ်မှူး(သို့)ကွက်စိတ်မှူးကိုရွေးချယ်ရမည်။
(၃)ရာအိမ်မှူး(သို့)ကွက်စိတ်မှူးများထဲကမှရပ်ကွက်(သို့)ကျေးရွာအုပ်ချုပ်ရေးမှူးကိုရွေးချယ်ရမည်။
(၄)အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင်မြို့နယ်ကဖွဲ့စည်းပေးထားသောရပ်မိရပ်ဖ(၅)ဦးကရွေးချယ်မည်။
(၆)ရပ်မိရပ်ဖ(၅)ဦးကိုမြို့နယ်က(၆.၁.၁၆)ရက်နေ့မှ(၁၀.၁.၁၆)ရက်နေ့အတွင်းအပြီးဖွဲ့မည်။
(၇)အရွေးချယ်ခံရသောရပ်မိရပ်ဖ(၅)ဦးသည်(၁၁.၁.၁၆)ရက်နေ့တွင်သင်တန်းတက်ရောက်ကြရမည်
(၈)ရက်ကျေးအုပ်ချုပ်ရေးမှူးများကို(၁၂.၁.၁၆)ရက်နေ့မှ(၁၇.၁.၁၆)ရက်နေ့တွင်အပြီးဖွဲ့ရမည်။
(၉)ရွေးချယ်ပြီးသောစာရင်းများကို(၂၂.၁.၁၆)ရက်နေ့တွင်ခရိုင်သို့ပို့ပေးပြီးရလာဒ်ထုတ်ပြန်မည်။
(၁၀)(လက်ရှိအုပ်ချုပ်ရေးမှူးသက်တမ်းသည်ရ(၃၁.၁.၁၆)ရက်ထိဖြစ်သည်။

အကြံပြု လုပ်ငန်းစဉ်များ
ရွေးကောက်ပွဲမှာ ဇန္နဝါရီ ၃၁ ရက်ဟု သတ်မှတ်ကြေညာထားပါသည်။ ထို့ကြောင့် မိမိတို့
အရပ်ဖက်လူထုအဖွဲ့အစည်းများအတွက် ရပ်ရွာအတွင်း
လူထုပညာပေးစည်းရုံးရေးလုပ်ချိန်မှာ ဇန္နဝါရီ တစ်လသာသာ မျှသာ အချိန်ရပါသည်။
မိတ်ဆွေအရပ်ဖက်လူထုအဖွဲ့အစည်းများ ဤလှုပ်ရှားမှုတွင်ပူးပေါင်းပါဝင်မည်ဆိုလျှင်
အောက်ပါလုပ်ငန်းစဉ်များအား အကြံပြုလိုပါသည်။
၁။ အသိပညာပေးခြင်း
လက်ရှိဥပဒေ အရ ရွေးချယ်တင်မြှောက်ပုံတင်မြှေ က်နည်းနှင့် ပြည်သူများနှင့် နီးစပ်သော၊
ပြည်သူ့အကျိုးကိုကာကွယ်ရပ်တည်မည့်သူများရွေးချယ်ရန်လိုကြောင်းများအား -
- တအိမ်တက်ဆင်းလိုက်လံဆွေးနွေးခြင်း။

- ရပ်ကွက်၊ ရပ်ရွာအတွင်းရှိ သြဇာရှိပုဂ္ဂိုလ်များနှင့် တင်ပြခြင်း။
- အုပ်စုလိုက်ဆွေးနွေးပွဲများပြုလုပ်ခြင်း။
- လက်ကမ်းပညာပေးစာစောင်များ ဖြန့်ဝေခြင်း။
၂။ သင့်တော်သူများအား ရွေးချယ်မှုဖြစ်လာနိုင်ရေးအတွက်စည်းရုံးနှိုးဆော်ခြင်း။
- မည်သည့်အရည်အချင်း အရည်အသွေး ရှိသူများကို
ရွေးချယ်သင့်သည်ဟူသောဆွေးနွေးပွဲများဖြင့်လှုံ့ဆော်ခြင်း။
- လူထုစည်းဝေးပွဲများပြုလုပ်၍ ရွေးချယ်ခံမည့်သူများအား ဖိတ်ခေါ်ဆွေးနွေးစေခြင်း။
- ဖြစ်သင့်သောသူများကို တအိမ်တက်ဆင်းမိတ်ဆက်၍ ဆယ်အိမ်စုမှူးများ၊
ရာကွက်မှူးများကို အဆင့်ဆင့်ရွေးချယ်ရာတွင်ပါဝင်ရွေးချယ်ခံကြရန် မဲဆွယ်စည်းရုံးခြင်း။
- ရပ်မိရပ်ဖရွေးချယ်ရာတွင် ရပ်ရွာလူထုသဘောထားအခြေခံဖြစ်အောင်
ဆွေးနွေးပွဲများဖန်တီးပေးခြင်း။
၃။ အခြားအင်အားစုများနှင့်ပူးပေါင်းလုပ်ဆောင်ခြင်း နှင့် သတင်းမီဒီယာများသို့
အသိပေးအကြောင်းကြားခြင်း။
- လက်လှမ်းမှီသော
အရပ်ဖက်အခြေပြုအဖွဲ့ အစည်းများ၏ဆုံချက်များသို့သွားရောက်ဆွေးနွေး၍
သေချာစွာတိုက်တွန်းနှိုးဆော်ပေးရန် စည်းရုံးတင်ပြခြင်း။
- မိမိတို့တွင်အဆင်သင့်ရှိသောလုပ်ငန်းစဉ်နှင့် ပညာပေး စာစောင်များမျှဝေခြင်း။
- အွန်လိုင်း ဆိုရှယ်မီဒီယာများအပါအဝင် သတင်းမီဒီယာများမှတစ်ဆင့်
ရပ်ကျေးရွေးကောက်ပွဲကိစ္စအား အသိပေးခြင်း၊ နှိုးဆော်ခြင်း၊ လှုံ့ဆော်ခြင်း။
- လက်လှမ်းမှီသော အရပ်ဖက်လူထုအခြေပြုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍
ပူးတွဲတိုက်တွန်းနှိုးဆော်ချက်များထုတ်ပြန်ခြင်း
၄။ ရွေးကောက်ပွဲအခြေအနေနှင့် ရလာဒ်အကောင်အထည်ဖေါ်မှုကိုစောင့်ကြည့်ခြင်း
- ဆယ်အိမ်စုကို အိမ်ထောင်စု ၁၀ ရွေးရာတွင်၎င်း၊ (အချို့နေရာများတွင် ဆယ်အိမ်စုကို
ကွက်ကျားဆောင်ရွက်တတ်သည်ကို သတိပြုပါရန်။)၊ ကွက်စိပ်မှူး၊ ရာစိပ်မှူးများ၊
ရပ်မိရပ်ဖများ၊ ရွေးချယ်ရာတွင်၎င်း ပြည်သူအများသိရှိအောင် ကြေညာခြင်းရှိမရှိ၊
မကြေညာလျှင် ကြေညာပေးရန် တာဝန်ရှိသူများကိုတိုက်တွန်းနှိုးဆော်ခြင်း။
- အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ရွေးချယ်မည့်အစီအစဉ် ပွင့်လင်းမြင်သာမှုရှိမရှိ၊ ရလဒ်ကို
အကောင်အထည်ဖေါ်မှု ရှိမရှိစောင့်ကြည့်ခြင်း။
- ပြည်သူများရွေးချယ်မှုပြီးပါက ၎င်းတို့အတွေ့အကြုံများကို မှတ်တမ်းတင်
စစ်တမ်းကောက်ယူခြင်း။
မိမိတို့ ACDD တွင်ပြင်ဆင်ထားသော လက်ကမ်းစာစောင်ကို
ဤတိုက်တွန်းနှိုးဆော်စာနှင့်အတူ ပူးတွဲဖြန့်ဝေလိုက်ပါသည်။ မိမိတို့ထုတ်ဝေခဲ့သည့်